# OMPEA CHARTER

**First Edition of the Charter - Version 1.0**

**30 June 2026**

**Overseas Myanmar Professionals and Entrepreneurs Association**

---

# PREAMBLE

## ရှေ့ပြေးစကား

We, the members of the Overseas Myanmar Professionals and Entrepreneurs Association (OMPEA), believe that the future of Myanmar is shaped by people of integrity, responsibility, and contribution.

Across the world, Myanmar professionals, entrepreneurs, educators, students, workers, and community leaders are creating value wherever they live. Their experience, knowledge, professionalism, and character enrich both the societies they serve and the future of Myanmar.

OMPEA exists to connect these individuals, cultivate trust, promote lifelong growth, create opportunities, and encourage meaningful contribution to society.

We believe that cultivating trust is the first step toward building a better future for Myanmar.

We believe that a trustworthy culture is the foundation of sustainable prosperity.

Together, we dedicate ourselves to building a future that the next generation will proudly inherit.

---

ကျွန်ုပ်တို့ **Overseas Myanmar Professionals and Entrepreneurs Association (OMPEA)** ၏ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ရိုးသားမှု၊ တာဝန်ယူမှုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလိုသော စိတ်ဓာတ်ရှိသူများက ပုံဖော်တည်ဆောက်သည်ဟု ယုံကြည်ပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသားများ၊ အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များသည် မိမိတို့နေထိုင်ရာ နေရာတိုင်းတွင် တန်ဖိုးများကို ဖန်တီးလျက်ရှိကြပါသည်။ ၎င်းတို့၏ အတွေ့အကြုံ၊ အသိပညာ၊ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားများသည် နေထိုင်ရာ လူ့အသိုင်းအဝိုင်းများနှင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အဖိုးတန်သော အင်အားများ ဖြစ်ပါသည်။

OMPEA သည် ထိုသူများကို ချိတ်ဆက်ရန်၊ ယုံကြည်မှုကို ပြုစုပျိုးထောင်ရန်၊ တသက်တာ သင်ယူတိုးတက်မှုကို အားပေးရန်၊ အခွင့်အလမ်းများကို ဖန်တီးရန်နှင့် လူ့အဖွဲ့အစည်းအတွက် အဓိပ္ပာယ်ရှိသော အကျိုးပြုလုပ်ဆောင်မှုများကို မြှင့်တင်ရန် တည်ရှိပါသည်။

အပြန်အလှန်ယုံကြည်မှုကို ပြုစုပျိုးထောင်ခြင်းသည် မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရန် ပထမခြေလှမ်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

အပြန်အလှန်ယုံကြည်စိတ်ချရသော ယဉ်ကျေးမှုသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့သည် နောင်မျိုးဆက်များ ဂုဏ်ယူစွာ အမွေဆက်ခံနိုင်မည့် အနာဂတ်ကို အတူတကွ တည်ဆောက်သွားမည်ဟု ကတိပြုပါသည်။

# CHAPTER I

# WHO WE ARE

# ကျွန်ုပ်တို့ ဘယ်သူများလဲ

OMPEA is a global community of Myanmar professionals, entrepreneurs, students, educators, and partners.

We are united not by ethnicity, religion, or nationality, but by our shared commitment to integrity, mutual respect, continuous growth, and contribution to society.

We believe diversity enriches our community, and collaboration creates opportunities.

---

OMPEA သည် ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားများ၊ ဆရာဆရာမများနှင့် မိတ်ဖက်များ၏ ကမ္ဘာလုံးဆိုင်ရာ အသိုင်းအဝိုင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ကို ပေါင်းစည်းထားသည်မှာ လူမျိုး၊ ဘာသာ သို့မဟုတ် နိုင်ငံသားဖြစ်မှု မဟုတ်ဘဲ ရိုးသားမှု၊ အပြန်အလှန် လေးစားမှု၊ အစဉ်တိုးတက်လိုသော စိတ်ဓာတ်နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလိုသော စိတ်ဓာတ်တို့ ဖြစ်ပါသည်။

မတူကွဲပြားမှုသည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ပိုမိုကြွယ်ဝစေပြီး ပူးပေါင်းဆောင်ရွက်မှုသည် အခွင့်အလမ်းများကို ဖန်တီးပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

---

# CHAPTER II

# WHY WE EXIST

# ကျွန်ုပ်တို့ ဘာကြောင့် တည်ရှိသလဲ

We exist to connect Myanmar professionals around the world.

We transform brain drain into a global Myanmar professional network.

We create opportunities for learning, entrepreneurship, leadership, collaboration, and international friendship.

We contribute together to a better future for Myanmar and to the prosperity of the countries and communities where we live.

---

ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်ပေးရန် တည်ရှိပါသည်။

ဦးနှောက်ယိုစီးမှုကို ကမ္ဘာလုံးဆိုင်ရာ မြန်မာပရော်ဖက်ရှင်နယ်ကွန်ရက်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းပါသည်။

သင်ယူမှု၊ စီးပွားရေးဖန်တီးမှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုအတွက် အခွင့်အလမ်းများကို ဖန်တီးပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်နှင့် မိမိတို့နေထိုင်ရာ နိုင်ငံများနှင့် လူ့အသိုင်းအဝိုင်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပါဝင်ဆောင်ရွက်ပါသည်။

---

# CHAPTER III

# WHAT WE BELIEVE

# ကျွန်ုပ်တို့ ယုံကြည်သောအရာ

Myanmar does not simply need more successful people. Myanmar needs a trustworthy culture.

Trust grows when people keep their promises, respect one another, continue learning, act responsibly, and contribute beyond themselves.

We believe that trustworthy people create trustworthy organizations, and trustworthy organizations create trustworthy societies.

---

မြန်မာနိုင်ငံအတွက် အောင်မြင်သူများ ပိုများလာရုံနှင့် မလုံလောက်ပါ။

မြန်မာနိုင်ငံ အမှန်တကယ် လိုအပ်သည်မှာ အပြန်အလှန် ယုံကြည်စိတ်ချရသော ယဉ်ကျေးမှု ဖြစ်ပါသည်။

ကတိတည်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အစဉ်သင်ယူတိုးတက်ခြင်း၊ တာဝန်ယူခြင်းနှင့် ကိုယ်ကျိုးထက် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းတို့မှ ယုံကြည်မှုသည် ပေါ်ပေါက်လာပါသည်။

ယုံကြည်စိတ်ချရသောသူများသည် ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများကို ဖန်တီးပြီး၊ ယုံကြည် စိတ်ချရသော အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရသော လူ့အဖွဲ့အစည်းကို တည်ဆောက်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

---

# CHAPTER IV

# OMPEA CORE PRINCIPLES

# OMPEA ၏ အခြေခံမူများ

OMPEA upholds the following Core Principles as the foundation of its organizational culture, leadership, and activities.

## 1. Integrity

Integrity means acting honestly, respecting the truth, maintaining transparency, and taking responsibility for one's words and actions.

Integrity builds credibility and trust.

## 2. Trust

Trust means keeping commitments, respecting one another, fulfilling responsibilities, and cultivating long-term relationships.

Trust creates lasting relationships.

## 3. Respect

Respect means valuing the dignity, diversity, experiences, and perspectives of every individual.

Respect strengthens unity.

## 4. Lifelong Learning

Lifelong Learning means continuously developing ourselves by sharing knowledge, experience, and wisdom.

Learning creates new opportunities.

## 5. Responsibility

Responsibility means fulfilling our roles and commitments with professionalism, accountability, and sincerity.

Responsibility builds trust.

## 6. Social Contribution

Social Contribution means creating a positive impact on society by applying our work, knowledge, experience, and resources for the benefit of others.

Social contribution creates a better future.

---

OMPEA သည် မိမိတို့၏ အဖွဲ့အစည်းယဉ်ကျေးမှု၊ ခေါင်းဆောင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အခြေခံအုတ်မြစ်အဖြစ် အောက်ပါ အခြေခံမူများကို လက်ကိုင်ထား ဆောင်ရွက်ပါမည်။

### ၁။ Integrity (ရိုးသားဖြောင့်မတ်မှု)

Integrity ဆိုသည်မှာ ရိုးသားဖြောင့်မတ်စွာ ပြုမူခြင်း၊ အမှန်တရားကို လေးစားခြင်း၊ ပွင့်လင်းမြင်သာခြင်းနှင့် မိမိစကားနှင့် လုပ်ရပ်အပေါ် တာဝန်ယူခြင်း ဖြစ်သည်။

### ၂။ Trust (ယုံကြည်မှု)

ယုံကြည်မှု ဆိုသည်မှာ ကတိတည်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ တာဝန်ယူခြင်းနှင့် ရေရှည်ဆက်ဆံရေးကို တန်ဖိုးထားခြင်း ဖြစ်သည်။
ယုံကြည်မှုသည် ရေရှည်တည်တံ့သော ဆက်ဆံရေးကို ဖန်တီးပေးသည်။

### ၃။ Respect (လေးစားမှု)

လေးစားမှု ဆိုသည်မှာ လူတိုင်း၏ ဂုဏ်သိက္ခာ၊ မတူကွဲပြားမှု၊ အတွေ့အကြုံနှင့် အမြင်များကို တန်ဖိုးထားခြင်း ဖြစ်သည်။
လေးစားမှုသည် စည်းလုံးညီညွတ်မှုကို ခိုင်မာစေသည်။

### ၄။ Lifelong Learning (တသက်တာသင်ယူတိုးတက်မှု)

တသက်တာ သင်ယူတိုးတက်ခြင်း ဆိုသည်မှာ အသိပညာ၊ အတွေ့အကြုံနှင့် ဉာဏ်ပညာများကို မျှဝေကာ မိမိကိုယ်ကို အမြဲတိုးတက်စေခြင်း ဖြစ်သည်။
သင်ယူခြင်းသည် အခွင့်အလမ်းများကို ဖန်တီးပေးသည်။

**၅။ Responsibility (တာဝန်ယူမှု)**

တာဝန်ယူမှု ဆိုသည်မှာ မိမိ၏ တာဝန်နှင့် ကတိကဝတ်များကို ပရော်ဖက်ရှင်နယ်ဆန်ဆန်၊ တာဝန်ခံစိတ်ရှိစွာ စေတနာဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။
တာဝန်ယူမှုသည် ယုံကြည်မှုကို တည်ဆောက်ပေးသည်။

**၆။ Contribution (အကျိုးပြုခြင်း)**

လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်း ဆိုသည်မှာ မိမိ၏ အလုပ်အကိုင်၊ အသိပညာ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြု၍ လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုး ဖန်တီးခြင်း ဖြစ်သည်။
လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဖန်တီးက ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီး ပေးသည်။

These Core Principles serve as the guiding values for the decisions and actions of all OMPEA Members, Leaders, Ambassadors, Partners, and Clubs.

ဤအခြေခံမူများသည် OMPEA အဖွဲ့ဝင်များ၊ ခေါင်းဆောင်များ၊ Ambassador များ၊ မိတ်ဖက်များနှင့် Club များအားလုံး၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များအတွက် လမ်းညွှန် အခြေခံမူများ ဖြစ်ပါသည်။

---

# CHAPTER V

# HOW WE LIVE

# ကျွန်ုပ်တို့ ဘယ်လို ရှင်သန်နေထိုင်မလဲ

We respect the universal ethical values that humanity has cherished across cultures and religions.

The principles embodied in the 38 Blessings (Mangala 38), the Four Sublime States of Mind (Brahmavihāras), and Atta Samma Paṇidhi serve as universal guides that inspire us to live with wisdom, compassion, humility, and responsibility.

OMPEA is not a religious organization. However, we uphold the moral values and social ethics that are fundamental to all people, regardless of their faith or background.

---

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုနှင့် ဘာသာတရားများကို ကျော်လွန်သော လူသားတို့၏ အခြေခံကျင့်ဝတ် တန်ဖိုးများကို လေးစားတန်ဖိုးထားပါသည်။

မင်္ဂလာ ၃၈ ပါး၊ ဗြဟ္မဝိဟာရတရားလေးပါးနှင့် အတ္တသမ္မာပဏိဓိ၏ အနှစ်သာရတို့သည် ပညာ၊ မေတ္တာ၊ နိဝါတရှိမှု (မာနနည်းခြင်း) နှင့် တာဝန်ယူမှုတို့ဖြင့် အသက်ရှင်နေထိုင်ရန် ကျွန်ုပ်တို့အား လမ်းညွှန်ပေးပါသည်။

OMPEA သည် ဘာသာရေးအဖွဲ့အစည်း မဟုတ်ပါ။ သို့သော် လူသားတိုင်းအတွက် အရေးကြီးသော ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များကို လေးစားတန်ဖိုးထားပါသည်။

---

# CHAPTER VI

# HOW WE SERVE

# ကျွန်ုပ်တို့ ဘယ်လို အကျိုးပြုမလဲ

We work together with our members, clubs, partners, businesses, educational institutions, governments, and local communities.

We believe meaningful partnerships create lasting impact.

Together, we contribute to the prosperity of Myanmar and the societies where we live.

---

ကျွန်ုပ်တို့သည် အဖွဲ့ဝင်များ၊ Club များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပါသည်။

အဓိပ္ပာယ်ရှိသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုကို ဖန်တီးနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့် မိမိတို့နေထိုင်ရာ လူ့အသိုင်းအဝိုင်းများ နှစ်ဖက်စလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပါဝင်ဆောင်ရွက်ပါသည်။

---

# CHAPTER VII

# OUR LEGACY

# ကျွန်ုပ်တို့ ချန်ထားခဲ့မည့် အမွေ

We do not seek success for ourselves alone.

We seek to leave behind a culture of trust, responsibility, and contribution that future generations will proudly inherit.

Together, we build a trustworthy society.

---

ကျွန်ုပ်တို့သည် ကိုယ်ပိုင်အောင်မြင်မှုတစ်ခုတည်းကိုသာ မရှာဖွေပါ။

နောင်မျိုးဆက်များ ဂုဏ်ယူစွာ အမွေဆက်ခံနိုင်မည့် ယုံကြည်မှု၊ တာဝန်ယူမှုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းတို့ကို အခြေခံသော ယဉ်ကျေးမှု ကို ချန်ထားခဲ့ရန် ကြိုးပမ်းပါသည်။

အတူတကွ ယုံကြည်စိတ်ချရသော လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့။

---

# Closing Statement

This Charter is more than a document.

It is a promise we make to ourselves, to one another, and to future generations.

Together, we connect professionals, cultivate trust, and contribute to society.

---

ဤ Charter သည် စာရွက်စာတမ်းတစ်ခုသာ မဟုတ်ပါ။

၎င်းသည် ကျွန်ုပ်တို့ကိုယ်တိုင်၊ အချင်းချင်းနှင့် နောင်မျိုးဆက်များထံ ပေးအပ်သော ကတိဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်၍ ယုံကြည်မှုကို ပြုစုပျိုးထောင်ကာ လူ့အဖွဲ့အစည်းအတွက် အတူတကွ အကျိုးပြုသွားမည် ဖြစ်ပါသည်။

---

# Motto

# ဆောင်ပုဒ်

### Connecting Professionals. Building Trust. Contributing to Society.

### ပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်၍၊ ယုံကြည်မှုကို ပြုစုပျိုးထောင်ပြီး၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသည်။

---